## (၇) ပန်းရောင်မှိုရောဂါ (Pink disease)

## ရောဂါဖြစ်စေသက်ရှိ - *Erythricium salmonicolor* (Berk. & Broome) Burds.

## ရောဂါလက္ခဏာများ

အစိုဓါတ်အမြဲရှိသော အပင် (သို့မဟုတ်) အကိုင်း၏ သစ်ခေါက်အပေါ်တွင် ပန်းရောင်မှို အစုအဝေးအကွက်များနှင့် ၄င်းဒဏ်ရာနေရာမှ အစေးများစီးကျသော အစင်း ကြောင်းများကိုတွေ့ရသည်။ သစ်ခေါက်သည် ပုပ်ခြင်း၊ ခြောက်သွေ့ခြင်းနှင့် ကွဲအက်ခြင်းတို့ဖြစ်လာသည်။ အပင်သက်တမ်း(၂-၁၂)နှစ် အရွယ်တွင် ထိုရောဂါအဖြစ်များသည်။




## ကာကွယ်နှိမ်နင်းနည်းများ

- အပင်ပြုစုထိန်းသိမ်းနည်းများကို ကောင်းစွာဆောင်ရွက်ပါ။
- ရောဂါကျအပင်အစိတ်အပိုင်းများကို ခုတ်ထွင်ရှင်းလင်းပါ။ မီးရှို့ဖျက်ဆီးပါ။

- ခြံသန့်ရှင်းရေးဆောင်ရွက်ပါ။
- ပင်စည်နှင့် အကိုင်းများအား ဘော်ဒိုဆေးရည်ပျစ်(သို့) ကော့ပါးပါဝင်သော မှိုသတ်ဆေးကို ပျစ်ပျစ်ဖျော်၍ သုတ်လိမ်းပါ။
- ကော့ပါးပါသောဆေးများ ပက်ဖျန်းနှိမ်နင်းနိုင်သည်။
    - Coppper Oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)
    - Copper Hydroxide (ကော့ပါးဟိုက်ဒရောဆိုဒ်)
    - Azoxystrobin (အဇိုဆီစထရိုဘင်)
    - Difenoconazole (ဒီဖီနိုကိုနာဇိုး)
    - Propiconazole (ပရိုပီကိုနာဇိုး)